## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၅၆ / ၂၀၂၄

၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်

( ၂၀၂၄ ခုနှစ်၊ မတ်လ ၁၂ ရက် )

**အမျိုးသားအဆင့် ချကလီးယားစွမ်းအင်အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံ၏ နျူကလီးယားစွမ်းအင်အစီအစဉ်နှင့် စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မျှော်မှန်းချက်နှင့် လုပ်ထုံးလုပ်နည်းများ ချမှတ်နိုင်ရေးအတွက် ဦးဆောင်မှုပေးရန်၊ လိုအပ်သည့် ညွှန်ကြားချက်များနှင့် လမ်းညွှန်ချက်များ ထုတ်ပြန်ပေးရန်၊ နျူကလီးယားစွမ်းအင် အား ငြိမ်းချမ်းသော ရည်ရွယ်ချက်ဖြင့် အသုံးပြုသည့် နယ်ပယ်များအတွက် နိုင်ငံတကာနှင့်ဒေသတွင်း မိတ်ဖက်ပူးပေါင်း ဆောင်ရွက်မှုများကို ထူထောင်နိုင်ရန်ရည်ရွယ်၍ **"အမျိုးသားအဆင့် နျူကလီးယားစွမ်းအင် အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | နိုင်ငံတော်ဝန်ကြီးချုပ် | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဈ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး
ဝန်ကြီးဌာန

(ည) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(ဋ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
စွမ်းအင်ဝန်ကြီးဌာန

(ဌ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(ဍ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ
ချထားရေးဝန်ကြီးဌာန

(ဎ) ပြည်ထောင်စုဝန်ကြီး အတွင်းရေးမှူး
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

၂။ အမျိုးသားအဆင့် နျူကလီးယားစွမ်းအင်အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်အစိုးရအနေဖြင့် နျူကလီးယားစွမ်းအင်အစီအစဉ် ဖွံ့ဖြိုးတိုးတက်ရေး ခိုင်မာသည့် ကတိကဝတ်ပြုရန်နှင့် အဆိုပါအစီအစဉ် စတင်နိုင်ရေးအတွက် သုံးသပ်ချက်များနှင့် အကြံပြုချက်များ စုစည်းတင်ပြရန် ဦးစီးဆောင်ရွက်ခြင်း၊

(ခ) နျူကလီးယားစွမ်းအင်အစီအစဉ်နှင့် စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မျှော်မှန်းချက်နှင့် လုပ်ထုံးလုပ်နည်းများချမှတ်နိုင်ရေး ဦးဆောင်မှုပေးခြင်းနှင့် လိုအပ်သည့်ညွှန်ကြားချက်များ၊ လမ်းညွှန်ချက်များ ထုတ်ပြန်ခြင်း၊

(ဂ) နိုင်ငံတော်အစိုးရက အတည်ပြုထားသည့် နျူကလီးယားစွမ်းအင်အစီအစဉ်နှင့် နျူကလီးယားစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များကို စောင့်ကြည့်စစ်ဆေးခြင်းနှင့် လမ်းညွှန်မှုပေးခြင်း၊

(ဃ) နျူကလီးယားစွမ်းအင်အစီအစဉ် ရေရှည်အကောင်အထည်ဖော်နိုင်ရေးကို ပံ့ပိုးနိုင်သည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ အကျိုးသက်ဆိုင်သူများ ပါဝင်ပတ်သက်ရေး၊ စက်မှုလုပ်ငန်းများပါဝင်ရေး၊ ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်းများနှင့် သုံးစွဲပြီးလောင်စာများ စီမံခန့်ခွဲရေးစသည့်ကိစ္စရပ်များဆိုင်ရာ မဟာဗျူဟာများနှင့် အစီအမံများရေးဆွဲရေး အပေါ် ဦးဆောင်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(င) ဈျူကလီးယားအခြေခံအဆောက်အအုံဖွံ့ဖြိုးရေးအတွက် ရန်ပုံငွေလိုအပ်ချက် သတ်မှတ်ရေးနှင့်ဈျူကလီးယားစီမံကိန်းအတွက် ဘဏ္ဍာငွေရရှိနိုင်မည့် အရင်းအမြစ်များ ရွေးချယ်သတ်မှတ်ရေးတို့ကို ဦးဆောင်ခြင်း၊

(စ) ဈျူကလီးယားစွမ်းအင် အား ငြိမ်းချမ်းသော ရည်ရွယ်ချက်ဖြင့် အသုံးပြုသည့် နယ်ပယ်များအတွက် နိုင်ငံ**တ**ကာနှင့်ဒေသတွင်းမိတ်ဖက် ပူးပေါင်းဆောင်ရွက်မှု များကို ထူထောင်ခြင်း။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ